# ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်

## (၇၄) နှစ်မြောက် ကရင်နီတပ်မတော်နေ့သို့ ပေးပို့သည့်သဝဏ်လွှာ

၁။ ယနေ့ကျရောက်သည့် **(၇၄) နှစ်မြောက်ကရင်နီတပ်မတော်နေ့** အချိန်အခါသမယတွင် ကရင်နီတစ်မျိုးသားလုံး၏ ကိုယ်ပိုင်လွတ်လပ်ခွင့်၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်စသည့် ကရင်နီတပ်မတော်၏ ရည်မှန်းချက်များ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းဆန္ဒပြုလိုက်ပါသည်။

၂။ ကရင်နီပြည်သည် ၁၉၄၈ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီအချိန်ကာလကပင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိ၍ သီးခြားလွတ်လပ်သော ပြည်နယ်တစ်ခုဖြစ်ပါသည်။ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်နောက် ဖဆပလတပ်များသည် ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ဦးဘီတူရီခေါင်းဆောင်သော မြလဲရွာမှာအခြေစိုက်ရာနေရာကို ဝင်ရောက်တိုက်ခိုက်သည့်အတွက် ပြန်လည်ခုခံတော်လှန်ရင်း တကွဲတပြားစီဖြစ်သွားပြီး ဩဂုတ်လ ၁၇ ရက်နေ့တွင် တပ်မတော်တစ်ရပ်ပြန်လည်ဖွဲ့စည်းနိုင်ခဲ့သည့်အတွက်ကြောင့် ကရင်နီတပ်မတော်နေ့အဖြစ်သတ်မှတ်ခဲ့ရာ ယနေ့ဆိုလျှင် (၇၄) နှစ်တိုင်ရှိခဲ့ပြီဖြစ်ပါသည်။

၃။ ခေတ်အဆက်ဆက် တော်လှန်ရေးတိုက်ပွဲများတွင်ကျဆုံးသွားခဲ့ကြသည့် ကရင်နီခေါင်းဆောင်ကြီးများနှင့် တော်လှန်ရေးသူရဲကောင်းရဲဘော်အပေါင်းတို့အား ပြည်ထောင်စု၏သူရဲကောင်းများအဖြစ် လေးစားစွာဂုဏ်ပြုဦးညွှတ် အလေးပြုအပ်ပါသည်။ အကြမ်းဖက်အာဏာသိမ်းပြီးနောက် အကြမ်းဖက် ဖက်ဆစ်စစ်တပ်၏ လူမဆန်သောသတ်ဖြတ်ဖိနှိပ်မှုများကြောင့် အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ ဆုံးရှုံးခဲ့ကြသည့် ကရင်နီတိုင်းရင်းသားများအတွက် များစွာစိတ်မကောင်းဖြစ်ရပါသည်။

၄။ ပြည်ထောင်စုလွှတ်ကိုယ်စားပြုကော်မတီအနေဖြင့် ဖိနှိပ်မှုမျိုးစုံဖြင့်ရင်ဆိုင်ကြုံတွေ့နေရသည့်တိုင် အကြမ်းဖက်စစ်အာဏာရှင်များအား ရဲဝံ့စွာဆန့်ကျင်တော်လှန်လျက်ရှိသည့် ကရင်နီတော်လှန်ရေးအဖွဲ့အစည်းများနှင့်အတူ တိုင်းရင်းသားလူမျိုးစုအားလုံး မျှော်လင့်တောင့်တနေကြသည့်

ကောင်းမွန်သောနိုင်ငံနှင့် လူထုအနာဂတ်ဘဝကို လှပစွာဖန်တီးပေးနိုင်မည့် တန်းတူညီမျှသည့် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံသစ်အမြန်ဆုံးတည်ဆောက်သွားနိုင်ရေးအတွက် ခိုင်ခိုင်မာမာရပ်တည်ကာ လက်တွဲကြိုးပမ်းသွားပါမည်ဖြစ်ကြောင်း ကတိပြုလျက် **ဤ (၇၄) နှစ်မြောက်ကရင်နီတပ်မတော်နေ့ သဝဏ်လွှာအား** ပေးပို့အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ